EMReF
Enlightened Myanmar Research Foundation
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၂)၊ အမှတ်-၄၈

ဖေဖော်ဝါရီ ၆ ရက်၊ ၂၀၁၈



## "ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေကြမ်း"နှင့် ပတ်သက်၍ အကြံပြုချက်များ ဖိတ်ခေါ်ထား

**ဖေဖော်ဝါရီ ၂ ရက်၊ ၂၀၁၈**

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဖေ့စ်ဘွတ်ခ်စာမျက်နှာဖြစ်သော (www.facebook.com/ygnhluttaw)တွင် "ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကြမ်း" နှင့်ပတ်သက်၍ အကြံပြုစာပေးပို့လိုသူများ အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံးသို့ လိပ်မူ၍ဖြစ်စေ၊ yangonregionhluttaw@gmail.com သို့ဖြစ်စေ ပေးပို့နိုင်ကြောင်း အသိပေးကြေညာထားသည်။ ထို့ပြင် ထိုဥပဒေကြမ်းအား စိတ်ဝင်စားသူများ လေ့လာနိုင်ရန် ရယူနိုင်သော Download link များအား ဖော်ပြထားသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေကြမ်းကို ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စား စည်ပင်သာယာရေးဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခဲ့ခြင်း ဖြစ်သည်။

**(ကိုးကား:- www.facebook.com/ygnhluttaw)**

## ရန်ကုန်တိုင်းလွှတ်တော်၌ လူထုစိတ်ဝင်စားမည့်ကိစ္စများ မဆွေးနွေးရ၍ လွှတ်တော်ကုန်ကျစရိတ်များ နှမြောမိကြောင်းဖွင့်ဟ

**ဖေဖော်ဝါရီ ၁ ရက်၊ ၂၀၁၈**

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တွင် မေးခွန်းပေါင်းများစွာ မေးထားသော်လည်း ဇန်နဝါရီ ၃၀ ရက်က ပြန်လည်စတင်သည့် ဆဋ္ဌမပုံမှန်အစည်းအဝေး၌ လူထုစိတ်ဝင်စားမည့် ကိစ္စများ မဆွေးနွေးရသေးသောကြောင့် လွှတ်တော်ကုန်ကျစရိတ်များကို နှမြောမိကြောင်း ဆိပ်ကြီးခနောင်တိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းက ၎င်း၏ ဖေ့စ်ဘွတ်မှတစ်ဆင့် ဖွင့်ဟဖော်ပြထားခဲ့သည်။

### ဝေဖန်

ဇန်နဝါရီ ၃၀ ရက်က ပြန်လည်စတင်သည့် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး၌ ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးခွန်းသုံးခုသာ မေးမြန်းခွင့်ပြုမှုကို ၎င်းက ဝေဖန်ထားခြင်းဖြစ်သည်။

"ကျွန်မတို့ တိုင်းဒေသကြီးလွှတ်တော်မှာ မေးခွန်းမေးခြင်း တစ်ခါတလေမှ အဆိုဆွေးနွေးရခြင်း ဒီအလုပ်နှစ်ခုပဲ လုပ်နေရပါတယ်။ လွှတ်တော်မှာ ဥပဒေတစ်ခုကို ပြင်းခုံဆွေးနွေးရခြင်း၊ အစိုးရဘက်မှဝန်ကြီးများက တိုင်းဒေသကြီးအတွင်း လုပ်ဆောင်မည့် လုပ်ငန်းစီမံကိန်းများလာ ရောက်တင်ပြခြင်း၊ ကိုယ်စားလှယ်တွေကို ဆွေးနွေးခွင့်ပေးခြင်းများ နှစ်နှစ်တာကာလ အဓိပ္ပာယ်ရှိရှိ လွှတ်တော်ကြီးကိုအသုံးချပြီး အားရပါးရ ဆွေးနွေးရခြင်းတွေ၊ မဲခွဲဆုံးဖြတ်ခြင်း လုပ်ငန်းတွေ မလုပ်ခဲ့ရပါဘူး"ဟု ဒေါ်စန္ဒာမင်းက ၎င်း၏ဖေ့စ်ဘွတ်စာမျက်နှာ၌ ဆက်လက်ဖော်ပြခဲ့သည်။

"ဇန်နဝါရီ ၃၀ ရက်မှာ ရန်ကုန်လွှတ်တော် ပြန်လည်စတဲ့ ပထမနေ့မှာတော့ ကြယ်ပွင့်ပြမေးခွန်းသုံးခု အမေး၊ အဖြေလုပ်မယ့်အစီအစဉ်ပါဝင်တာကို တွေ့ရပါတယ်။ အဆိုပါမေးခွန်းသုံးခုနဲ့ပင် အစည်းအဝေးက တစ်ရက်ကုန်သွားမှာဆိုတော့ မနက်ပိုင်းတင် မိနစ်ပိုင်းအတွင်း ပြီးဆုံးမယ့် အနေအထားပေါ့ခင်ဗျာ၊ ကျွန်တော့်အနေနဲ့ စီမံကိန်း၊ စီးပွားရေးကော်မတီ အတွင်းရေးမှူးတစ်ဦးဖြစ်သည့်အတွက် ပေသီးခေါက်ကြည့်တဲ့အခါမှာ ရန်ကုန်လွှတ်တော်မှာ ကိုယ်စားလှယ်က ၁၂၃ ဦးဖြစ်ပါတယ်။ ဒါ့ကြောင့် တစ်ဦးကို အစည်းအဝေးစရိတ်က မြန်မာငွေကျပ် ၂၀,၀၀၀ ဆိုတော့ စုစုပေါင်း ကျပ် ၂,၄၆၀,၀၀၀ ဖြစ်ပါတယ်။ မေးခွန်းကသုံးခုဖြစ်တာကြောင့် တစ်ခုလျှင် ကျပ် ၈၂၀,၀၀၀ တန်နေတယ်"ဟု ဒဂုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျက ၎င်း၏ဖေ့စ်ဘွတ်စာမျက်နှာမှတစ်ဆင့် ပြောဆိုထားသည်။

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အနေဖြင့် လွှတ်တော်အစည်းအဝေးများ ကျင်းပလာသည့် နှစ်နှစ်တာကာလအတွင်း အဆိုပေါင်း(၂၅)ခု တင်သွင်းခဲ့ပြီး ကြယ်ပွင့်ပြ မေးခွန်း (၇၂၉) ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၁၂၅)ခု မေးမြန်းခဲ့ကြောင်း သိရသည်။

**(ကိုးကား:- www.facebook.com/ygnhluttaw / www.myanmar.mmtimes.com)**

# ပြည်နယ်လွှတ်တော်စုံစမ်းစစ်ဆေးရေးအဖွဲ့မှ မြောက်ဦးကိစ္စ စတင်စစ်ဆေးမည်

**ဇန်နဝါရီ ၃၀ ရက်၊ ၂၀၁၈**

မြောက်ဦးမြို့ အဓိကရုဏ်းဖြစ်စဉ်နှင့် ပတ်သက်ပြီး အခြေနေမှန်ကို သိရှိစေရန် ပြည်နယ်လွှတ်တော်က အတည်ပြုဖွဲ့စည်းထားသည့် "မြောက်ဦးဖြစ်စဉ် စုံစမ်းစစ်ဆေးရေးအဖွဲ့"သည် ဖေဖော်ဝါရီလ ၃ ရက်နေ့က စတင်ပြီး ကွင်းဆင်းစစ်ဆေးရန် မြောက်ဦးမြို့ကို သွားရောက်မည်ဖြစ်ကြောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အတွင်းရေးမှူးဖြစ်သူ မြောက်ဦးမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းသာစိန်က ပြောသည်။

အဆိုပါ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဥပဒေရေးရာအကြံပေးပုဂ္ဂိုလ်များ စုစုပေါင်း ၉ ဦးပါဝင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဇန်နဝါရီလ ၂၉ ရက်နေ့က ပြည်နယ်လွှတ်တော်တွင် အရေးပေါ်အစည်းဝေးခေါ်ယူကာ မဲခွဲဆုံးဖြတ်အတည်ပြုခဲ့ခြင်းလည်း ဖြစ်သည်။

မြောက်ဦးမြို့တွင် ဆန္ဒပြသည့် လူအုပ်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်နှိမ်နင်းဖြိုခွင်းရာတွင် သတ်မှတ်ထားသည့် ဥပဒေအတိုင်းအဆင့်ဆင့် ဆောင်ရွက်ခဲ့ခြင်း ရှိ၊ မရှိကို စုံစမ်းစစ်ဆေးဖော်ထုတ်ပြီး ဥပဒေချိုးဖောက်သူကို အရေးယူနိုင်ရန် ပြည်နယ်လွှတ်တော်ကို စုံစမ်းစစ်ဆေးရေးအစီရင်ခံစာ တင်သွင်းမည်ဖြစ်ကြောင်း ဦးထွန်းသာစိန်က ဆိုသည်။ အဆိုပါဖြစ်စဉ်အား အချိန် ၂ လခန့်ယူပြီး စုံစမ်းစစ်ဆေးသွားမည်ဟုလည်း ၎င်းက ပြောသည်။

မြောက်ဦးမြို့တွင် ဇန်နဝါရီလ ၁၆ ရက်နေ့က ကျင်းပရန်စီစဉ်ထားသည့် (၂၃၃) နှစ်မြောက် ရခိုင်ဘုရင် အချုပ်အခြာအာဏာ ကျဆုံးခြင်းအခမ်းအနားကို အာဏာပိုင်များက တားမြစ်ခဲ့ခြင်းကြောင့် ကျင်းပခွင့်ပြုရန် ဆန္ဒထုတ်ဖော်ခဲ့သည့် လူအုပ်နှင့် ရဲလုံခြုံရေးများ ရုန်းရင်းဆန်ခတ်ဖြစ်ကာ သေနတ်ဖြင့် ပစ်ခတ်နှိမ်နင်းဖြိုခွင်းခဲ့ရာမှ အရပ်သား ၇ ဦးသေဆုံးပြီး ၁၂ ဦး ဒဏ်ရာရရှိခဲ့သည်။ ယင်းဖြစ်စဉ်တွင် ရဲဝန်ထမ်း ၂၀ လည်း ဒဏ်ရာရခဲ့သည်ဟု အစိုးရက သတင်းထုတ်ပြန်ထားသည်။

(ကိုးကား- mizzimaburmese/thevoicemyanmar/rfa)




**ရခိုင်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေးကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့က ကျင်းပနေစဉ်။ ဓာတ်ပုံ-မဇ္ဈိမ**

## သတင်းတို

- မွန်ပြည်နယ်လွှတ်တော်နှင့် မွန်ပြည်နယ် ကွန်ပျူတာပညာရှင်အသင်းတို့ပူးပေါင်းကျင်းပသော e-Government အထောက်အကူပြု နည်းပညာ၊ အသိပညာ၊ ဗဟုသုတ နှီးနှောဖလှယ်ပွဲကို ဇန်နဝါရီ ၂၉ ရက်နေ့ကပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် egovernment to eSociety ခေါင်းစဉ်ဖြင့် ဆွေးနွေးခြင်း၊ ICT for Office Management အား ရှင်းလင်းတင်ပြခြင်းနှင့် အသုံးပြုပုံတင်ပြခြင်း၊ Electronic Management System for Government (EMS) နှင့် Future Trend for Technology စသည့် အကြောင်းအရာများ ဆွေးနွေးခဲ့ကြသည်။

(ကိုးကား- www.monhluttaw.com)

# ရခိုင်စည်ပင်ဝန်ကြီးနေရာ စိုက်ပျိုးရေးဝန်ကြီးကို ပူးတွဲတာဝန်ပေးအပ်

**ဇန်နဝါရီ ၂၉ ရက်၊ ၂၀၁၈**

လစ်လပ်နေသော ရခိုင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး တာဝန်ကို စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးကျော်လွင်အား ပူးတွဲတာဝန်ပေးကာ ယာယီခန့်အပ်ထားကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဆိုသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီဝင် စည်ပင်ဝန်ကြီးဦးမင်းအောင်သည် နိုင်ငံတော်ကပေးအပ်သော တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ခြင်း မရှိဟုဆိုကာ တာဝန်ကမှုရပ်စဲရန် ရခိုင်ပြည်နယ်လွှတ်တော်က ဇန်နဝါရီလ ၂ ရက်နေ့တွင် အရေးပေါ်အစည်းဝေးခေါ်ယူပြီး မဲခွဲဆုံးဖြတ်ခဲ့သည်။

ယင်းနောက် စည်ပင်ဝန်ကြီး ဦးမင်းအောင်ကို တာဝန်ကရပ်စဲလိုက်ကြောင်း နိုင်ငံတော် သမ္မတရုံးက ဇန်နဝါရီလ ၁၈ ရက်နေ့က ထုတ်ပြန်ခဲ့သည်။

(ကိုးကား- www.mizzimaburmese.com)

သတင်းဓာတ်ပုံ



အလုပ်မှရပ်စဲခံရသော ဝေါမြို့နယ်၊ သပြေကန်တိုးဂိတ် ဝန်ထမ်း ၇၄ ဦး၏ နစ်နာမှုများနှင့်စပ်လျဉ်း၍ ကြားနာခြင်းကို ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် ဖေဖော်ဝါရီ ၁ ရက်က ပြုလုပ်ခဲ့စဉ်။

(ကိုးကား-www.facebook.com/Bagodivisionparliament)

## ဒုဋ္ဌဝတီမြစ်ဘေးမှ အပန်းဖြေစခန်းများ အစိုးရ ခွင့်ပြုချက်မရှိသည့်အပြင် ရေလမ်းကြောင်းတွင် မြေဖို့မှုများစစ်ဆေးတွေ့ရှိဟုဆို

**ဖေဖော်ဝါရီ ၅ ရက်၊ ၂၀၁၈**

မန္တလေးမြို့အနီး ဒုဋ္ဌဝတီမြစ်ဘေးတစ်လျှောက်တွင် ဖွင့်လှစ်နေသော အပန်းဖြေစခန်းများသည် အစိုးရခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်နေပြီး ရေကြောင်းနေရာများကို မြေဖို့၍ လုပ်ကိုင်နေသည်ကိုလည်း စစ်ဆေးတွေ့ရှိရကြောင်း မန္တလေးတိုင်းဒေသကြီးလွှတ်တော် လုံခြုံရေး၊ စီမံခန့်ခွဲရေးနှင့် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်မိုးက ပြောသည်။

ထိုအပန်းဖြေစခန်းများနှင့် ပတ်သက်၍ တိုင်းလွှတ်တော်သို့ တိုင်ကြားစာများရောက်ရှိသဖြင့် လွှတ်တော်ရေးရာကော်မတီနှစ်ရပ်က ဇန်နဝါရီလကုန်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။ စစ်ဆေးရာတွင် သုံးမိုင်၊ ငါးမိုင်၊ ခုနစ်မိုင်၊ ကိုးမိုင်၊ ပြည်သူ့နန်းတော်၊ DGarden စသည့် အပန်းဖြေစခန်းများသည် မန္တလေးတိုင်းဒေသကြီးအစိုးရ ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်နေသည်ကိုတွေ့ရှိခဲ့ပြီး အချို့အပန်းဖြေစခန်းများသည် မြစ်ကြောင်းအတွင်း မြေဖို့လုပ်ကိုင်သည်ကို တွေ့ရှိခဲ့ရကြောင်း သွားရောက်ကွင်းဆင်းစစ်ဆေးရာတွင်ပါဝင်သည့် ဦးမြင့်အောင်မိုးက ပြောသည်။ မြစ်ကြောင်းအတွင်း မြေဖို့လုပ်ကိုင်ခြင်းကြောင့် မြစ်တစ်ဖက်ခြမ်းရှိ စဥ့်ကိုင်ဘက်တွင် ကမ်းပါးပြိုမှုများ ဖြစ်ပေါ်နေကြောင်း ၎င်းက ဆိုသည်။

"ပြည်သူတွေအတွက်လည်း လုံခြုံတယ်။ အပန်းဖြေစခန်းတွေမှာ လုပ်နေတဲ့ ဝန်ထမ်းတွေကလည်း ဒေသခံရွာသားတွေပဲ။ ပိတ်လိုက်ရင် အလုပ်အကိုင်အတွက် အခက်အခဲဖြစ်သွားနိုင်တယ်။ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနဲ့အညီ သဘာဝပတ်ဝန်းကျင်လည်းထိခိုက်ပျက်စီးမှုမရှိဘူးဆိုရင်တော့ ခွင့်ပြုပေးသင့်ပါတယ်"ဟု ၎င်းက ပြောသည်။

အပန်းဖြေလုပ်ငန်းများမှ ရသင့်ရထိုက်သည့် အခွန်အခများရရှိရန်၊ ဒေသခံများအတွက်အလုပ်အကိုင်အခွင့်အလမ်းအဆင်ပြေစေရန်နှင့် သတ်မှတ်ဥပဒေများနှင့်အညီ လုပ်ကိုင်နိုင်စေရန် လွှတ်တော်ရေးရာကော်မတီနှစ်ရပ်ပူးပေါင်း၍ လွှတ်တော်ဥက္ကဋ္ဌထံ အစီရင်ခံစာတင်မည်ဟု ဦးမြင့်အောင်မိုးက ပြောသည်။

(ကိုးကား- www.7daydaily.com)

## သတင်းတို

● တနင်္သာရီတိုင်းဒေသကြီး၏ ရငွေ၊ သုံးငွေအခြေအနေများကို ဖော်ပြသည့် ရသုံးခန့်မှန်းခြေငွေစာရင်း (Citizen's Budget) စာစောင်ကို နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ဇန်နဝါရီလ ၂၂ ရက်က ထုတ်ဝေခဲ့သည်။တိုင်းအစိုးရကဘဏ္ဍာငွေများကို ကဏ္ဍအသီးသီးတွင် မည့်သို့ကဲ့သို့ သုံးစွဲနေသည်ကို ပွင့်လင်းမြင်သာစွာချပြခြင်းဖြစ်ပြီး အဆိုပါစာစောင်တွင် တိုင်းဒေသကြီးနှင့်ဌာနများ၏ ရငွေသုံးငွေများကို ဖော်ပြထားကြောင်း ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးက ဆိုသည်။ လက်ရှိထုတ်ပြန်သည့်စာစောင်မှာ ပထမဆုံးအကြိမ်ထုတ်ဝေခြင်းဖြစ်သည့်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကုန်ဆုံးခါနီးမှ ထုတ်ပြန်ဖြစ်ခဲ့သော်လည်း လာမည့်နှစ်များတွင် ဘတ်ဂျက်အတည်ပြုပြီးနောက် အချိန် သုံးလအတွင်း ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

(ကိုးကား- www.daweiwatch.com)

● ဝန်ဆောင်မှုလုပ်ငန်းများဥပဒေ (မူကြမ်း) ဆွေးနွေးပွဲကို မကွေးတိုင်းဒေသကြီးလွှတ်တော်တွင် ဇန်နဝါရီ ၂၄ ရက် နံနက်က ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးဝင်း (ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ)၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးဥပဒေအရာရှိ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးနှင့် တိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေး ဆိုင်ရာကော်မတီဝင်များပါဝင်ပြီး တိုင်းဒေသကြီးဥပဒေချုပ်က ဥပဒေ(မူကြမ်း)ဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးတင်ပြခြင်း၊ လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် ဆွေးနွေးခြင်းတို့ ပြုလုပ်ခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥပဒေပြုရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌမှ လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(ကိုးကား- www.facebook.com/mgyhluttaw)